# ၁၉၆၂ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး ဥပဒေ။

## [၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၅။]

## ၁၉၆၂ ခုနှစ်

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၆၂ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး ဥပဒေ**ဟု ခေါ်တွင်စေရ မည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။ (၁) ကချင်ပြည်နယ် ဦးစီးအဖွဲ့ ဥက္ကဋ္ဌသည်၊ ကချင်ပြည်နယ်၏ အခွန်တော်များမှ ကျပ်ငွေ ၃၀,၀၀,၀၀၀ (ဤဥပဒေ၏ဇယားတွင် ဖော်ပြထားသည်) ကိုထုတ်၍ ၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင် သည်။

(၂) ပုဒ်မခွဲ(၁)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၂ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး ဥပဒေ (၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃၃) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

**ဇယား။**

| အစိုးရဌာန။ | | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|---|
| | | ကျပ် |
| စီးပွါးရေးလုပ်ငန်းများတွင် ပြည်နယ်၏ အကျိုးတူရင်းနှီးမြုပ်နှံငွေ | …. …. | ၃၀,၀၀,၀၀၀ |

----- Footnote -----

[ပင်ရင်း- ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေများ (ပထမတွဲ) မှ ကူးယူတင်ပြသည်။]

Myanmar Law Information System (MLIS)